# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဩဂုတ်လ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၈)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ၁၇-၁၂-၂၀၂၄၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သောကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၂၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ်ပြောင်းလဲမှု၏အစဖြစ်

## အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်း မျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၆

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ China Texmatech Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ မိတ္ထီလာမြို့နယ်မှ ရပ်မိရပ်ဖများ၊ စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က စက်ရုံတည်ဆောက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၃ သို့ ○

**တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

နေပြည်တော် ဒီဇင်ဘာ ၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများသိရှိရေး ဆောင်ရွက်လျက်ရှိ

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ် ပေါ်ပေါက်လာစေရန်နှင့် အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ရည်ရွယ်၍ အလုပ်သမား (၅၀) ဦးနှင့်အထက်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ ၂၀၁၁ ခုနှစ်မှစ၍ စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉)အရ အလုပ်သမား (၅၀)ဦးနှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဖွဲ့စည်းခြင်းကို စည်းရုံးဆောင်ရွက်ခဲ့ရာ ယနေ့အထိ စက်ရုံ၊ အလုပ်ရုံ ၂၁၀၀ ကျော်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် က ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဝင်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရက်တိုသင်တန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အများစုဖွဲ့စည်းနိုင်ခဲ့ပြီး အလုပ်သမား (၅၀) ဦးအောက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများတွင်လည်း မိမိဆန္ဒအလျောက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင်

၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေအရ "အလုပ်ရှင်သည် မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားသို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ တက်ရောက်စေရမည်" ဟု ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သင်တန်းတွင် လုပ်ငန်းခွင်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လုပ်ငန်းခွင်အတွင်း လျှပ်စစ်အန္တရာယ်နှင့် လုပ်ငန်းခွင်သုံးဘွိုင်လာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ လုပ်ငန်းခွင် ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရားဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ သိရှိနိုင်စေရေးအတွက် သင်တန်းမှ ဘာသာရပ်ဆိုင်ရာအသိအမြင်များ တိုးတက်လာပြီး လုပ်ငန်းခွင်အတွင်း ထိရောက်ကောင်းမွန်သည့် အန္တရာယ်ထိန်းချုပ်ရေး နည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းခွင်ရှိ အလုပ်သမားများထံသို့ အသိအမြင်များ ဖြန့်ဝေနိုင်ခြင်း၊ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာနိုင်ခြင်းတို့ကြောင့် သင်ခန်းစာများကို အလေးထားမှတ်သားသင်ယူရန်နှင့် သင်တန်းဆင်းပြီးနောက် လုပ်ငန်းခွင်အတွင်း အကျိုးရှိစွာ အသုံးချစေလိုကြောင်း ရေးသားလိုက်ရပေသည်။

## ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို မန္တလေးမြို့ပေါ် ၅ မြို့နယ်တွင် စတင်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၆**

ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို မန္တလေးမြို့ပေါ် ၅ မြို့နယ်တွင် စတင်ဆောင်ရွက်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ် ၇၅လမ်းနှင့် ၇၆ လမ်းကြား၊ ၂၉ လမ်းနှင့် ၂၈ လမ်းကြားရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၁၀ နာရီက စတင်ဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားများ၏ ကျန်းမာရေးနှင့် တီဘီရောဂါလက္ခဏာရှိ၊ မရှိ စစ်ဆေးပေးပြီး ရောဂါလက္ခဏာတွေ့ရှိသူများကို ကုသနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းအခြေပြု တီဘီရောဂါစစ်ဆေးခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၄ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့မှစတင်ကာ မန္တလေးမြို့ပေါ် ၅ မြို့နယ်တွင် စတင်ဆောင်ရွက်နေကြောင်း တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ကျောင်းသားတွေမှာလည်း ကလေးတီဘီရှိနိုင်လို့ ကျောင်းလိုနေရာမျိုး အစုအဝေးနေရာမှာ တစ်ယောက်တီဘီရှိရင် ကျန်တဲ့သူတွေလည်း ကူးနိုင်တဲ့အတွက်ကြောင့် ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းနှင့် ကုသခြင်းလုပ်ငန်းကို ကျောင်းကျန်းမာရေးအနေဖြင့် တစ်ခါတည်း တစ်ပြိုင်တည်းလုပ်ဆောင်ခြင်းအားဖြင့် ရောဂါရှိရင် စောစောစီးစီးကုသနိုင်တယ်။ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို ယနေ့စတင်လုပ်ပါမယ်။ ကျောင်းအခြေပြု တီဘီရှာဖွေရေးကို ကျောင်းသားများအတွင်းမှာ တီဘီရောဂါလက္ခဏာရှိ၊ မရှိမေးကြည့်တယ်။ နှစ်ပတ်ကြာချောင်းဆိုးခြင်း၊ နှစ်ပတ်ကြာဖျားနာခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အကျိတ်ရှိခြင်း စသည့် ရောဂါလက္ခဏာတစ်ခုရှိလျှင် ဓာတ်မှန်ရိုက်ပြီး သလိပ်ထွက်ပါက သလိပ်စစ်ခြင်းကို တစ်ခါတည်းဆောင်ရွက်သွားမှာပါ။ အဓိကတော့ လူကြီးတီဘီလို ကလေးတီဘီကို စောစောစီးစီးရှာပြီး စောစောစီးစီးကုနိုင်အောင် ကျောင်းကျန်းမာရေးစစ်ဆေးရင်းနဲ့ တီဘီရှိနေရင်လည်း စောစောကုနိုင်အောင်ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို မြို့နယ် ၂၄ မြို့နယ်တွင် အထက်တန်းကျောင်း ၆၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၉၄၉ ကျောင်း၊ မူလတန်းကျောင်း ၂၁၂၂ ကျောင်း၊ စုစုပေါင်း (၃၆၉၈) ကျောင်းကို နွေရာသီကျောင်းပိတ်ရက်မတိုင်မီ အပြီးစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)

## အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၃၆)ကြိမ် ဖွင့်လှစ်ပေးပြီးဖြစ်

**မန္တလေး ဒီဇင်ဘာ ၁၆**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်သင်တန်း (၃၆)ကြိမ် ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၊ လူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းသင်တန်းများကို ယခုဘဏ္ဍာနှစ်တွင် (၃၄) ကြိမ် လျာထားပြီး ဧပြီလမှစ၍ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေရာ ယနေ့အချိန်အထိ သင်တန်းပေါင်း (၃၆) ကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"သင်တန်းတွေကိုတော့ ဌာနကနေပြီးပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနများနဲ့လည်း ဖွင့်လှစ်တာရှိတယ်။ လက်ရှိမှာတော့ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်း (၃၆)ကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ သင်တန်းတွေကို မြို့ပေါ်နဲ့ ကျေးလက်ပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အဓိကတော့ ကျေးလက်ရွာတွေကို ကွင်းဆင်းပြီးတော့ နည်းပညာရပ်များကို သင်ကြားပေးတာပါ။ ပညာရပ်များသင်ကြားပေးတာကြောင့် မိသားစုအိုးမကွာအိမ်မကွာနဲ့ နေနိုင်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လာနိုင်မှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေပြီး ထုတ်ကုန်တွေထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေတွေလည်း တိုးတက်လာနေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ သင်ကြားပေးနေရာတွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်မော်တာ အပ်ချုပ်စက်သင်တန်း၊ အခြေခံအပ်ချုပ်စက်သင်တန်း၊ လျှပ်စစ်ဝါယာရိန်းသင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း စသည့်သင်တန်းများ စုစုပေါင်း (၃၆)ကြိမ် ဖွင့်လှစ်သင်ကြားပို့ချပေးထားကြောင်း၊ ၎င်းသင်တန်းများ ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် ထုတ်လုပ်နိုင်သည့် ပညာရပ်များရရှိပြီး မိမိတို့ကိုယ်တိုင် ပြုပြင်ထုတ်လုပ်ရောင်းချနိုင်သည်အထိ စာတွေ့၊ လက်တွေ့နည်းပညာရပ်များဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၀၇၃)

၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြစဉ်။

○ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြသည်။

**ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများ အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ် ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီးသုံးခုကို နေ့စဉ် မလွဲမသွေ ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာ ဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန်စတင် ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့်ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည် အသုံးအဆောင်ဖူလုံရန်မှာ လူ့ဘဝတစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအဝတ်အထည် ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများ အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်မှစ၍ ဝါစိုက်ပျိုးမှုနှုန်း လျော့ကျလာသည့်အခြေအနေကို သုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့် ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင် ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများ ရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ ချည်ထည်များ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည် တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေး ကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီ ချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာအထည်အလိပ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှု လျှော့နည်းစေရန်အတွက် တရုတ်-မြန်မာအစိုးရတို့အကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီး ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်ရုံကိုကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည် စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချော စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ ယခု တည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/ ၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်**

○ စာမျက်နှာ ၃ မှ

မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်လည်း တပ်မတော်အတွက်လိုအပ်သည့် စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စက်ပစ္စည်းများကို ဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာ တပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် တပ်မတော်သားများအတွက် လိုအပ်သည့်ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့် အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ်ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကို တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့်ဝါများဖြင့် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ် ပြောင်းလဲမှု၏ အစဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝက ပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ် လုပ်ငန်းများကို

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောတို့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

○ စာမျက်နှာ ၄ မှ

ဆောင်ရွက်ကြရန် လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် နိုင်ငံတော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများ တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏ အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့် မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့်ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ China Texmatech Co., Ltd. မှတာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်ရာတွင်ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်များနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကောင်စီဝင် ညီနိုင်ငံကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစောတို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုး အလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့် ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ဝတ်စုံများကိုချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံးချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက် နိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

- **တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့်စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်**
- **နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကိုထုတ်လုပ်ပေးနိုင်မည့် မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးအားဖူးမြော် အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့်တွေ့ဆုံ



စစ်တွေ ဒီဇင်ဘာ ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲခံနှင့် ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အားဖူးမြော်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လောကနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံပြုပြင်နိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းကြကာ လောကနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော် နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြားခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။(အပေါ်ပုံ)

ဆက်လက်၍ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေက ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဆရာ ဆရာမများသည် အတတ်ပညာဆိုသည့် ဘာသာရပ် ကျွမ်းကျင်မှုအပြင် ကျောင်းသား ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆ မှန်ကန်အောင် သင်ကြားပေးရမည် ဖြစ်ကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရေး အတွက် စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး သင်ကြားပေးကြသော ဆရာ ဆရာမကောင်းများဖြစ်နိုင်ကြပါစေကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့ အသက်မွေးဝမ်းကျောင်းပညာဖြစ်သော မြင့်မြတ်သည့် ပညာသင်ကြားရေး လုပ်ငန်းကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။ (အောက်ပုံ)




ယင်းနောက် တက်ရောက်လာသည့် ဆရာ ဆရာမများက တာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေက ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေနှင့် အခြေခံစားကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၆

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရန်ပုံငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့တို့၏ ရန်ပုံငွေ ထည့်ဝင်မှု ပါဝင်နိုင်စေရေး ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သည့်ဒေသအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည့်အတွက် အကြံပြု ဆွေးနွေးသွားကြရန် လိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်သူများအတွက် မိမိတို့ ဆောင်ရွက်ပေးရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြို့ပင်ကောက်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

ကြို့ပင်ကောက် ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရန်နိုင်စိုးက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်နည်းများ၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ၊ B A SET အသုံးပြုနည်းနှင့် ရှာဖွေကယ်ဆယ်ပစ္စည်းများအသုံးပြုနည်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးမင်းနိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူးတို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

## လမ်းညွှန်မှာကြား

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရန်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီဘောကြိုတင်ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့မစည်ပင်သာယာရေးဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က စနူကာ 6 Red Single ပြိုင်ပွဲ ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က စနူကာ 6 Red Double နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက 9 Ball Pool Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က အမျိုးသားမီတာ ၅၀၀၀ အပြေး ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆု ရရှိသည့် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များအားလည်းကောင်း၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယ ဆုရရှိသည့် ကာကွယ်ရေးဝန်ကြီး ဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း တို့မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း တစ်ဦးချင်း ဂုဏ်ပြုဆု တံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များအား လည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးအေးကျော်က အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမျိုးသား မာရသွန်အပြေးပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ကာကွယ် ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိ သည့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် တတိယဆုရရှိ သည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် အားကစားနှင့် လူငယ်ရေး ရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိ သည့်ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့်တတိယဆုရရှိသည့်ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြ သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီး မီတာ ၈၀၀ အပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိ သည့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ် ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိ သည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန **စာမျက်နှာ ၈ သို့** ☆



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရီမြဲအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထက်ဝေယံအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၇ မှ

အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ရရှိခဲ့သည့် စံချိန်ဟောင်းထက် ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သာလွန်ကောင်းမွန်သည့် စံချိန်သစ်များရရှိခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်တို့အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်တို့က မော်တော်ဆိုင်ကယ်တစ်စီးစီ အထူးဆုအနေဖြင့် ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို အလေးမအားကစားရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၄၅ ကီလိုအလေးမပြိုင်ပွဲတွင်ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့်မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၄၉ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသမီး ၅၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၅၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမျိုးသား ၆၁ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၇ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ မြင့်မြင့်အေးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထက်ရှိုင်းအောင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အမျိုးသား ၆၁ ကီလိုနှင့် ၆၇ ကီလို အလေးမပြိုင်ပွဲများတွင် ဆုရရှိသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့် အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပပဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးဦးအေးကျော် အမျိုးသမီးသံပြားပိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာနမှ နန်းဟွမ်းဆိုင်ခမ်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ရိုးရာခြင်းခတ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကရာတေးဒိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်အောင်ထက်ဟိန်း ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်



**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ အကြိမ်(၃၀) မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ထေရဝါဒဗုဒ္ဓ သာသနာပြု ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော် ၉ ပါး တို့သည် ယနေ့ညတွင် မန္တလေးမြို့မှ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီးသို့ ပြန်လည်ကြွရောက်တော်မူကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော ဆရာတော်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမတွင် ဦးခိုက်ပူဇော်ပြီးနောက် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာသည့် မြန်မာအမျိုးသားလေကြောင်း (MNA) ပေါ်သို့ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝါလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ရှိ ကန်တော်မင်ခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝါလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာ ခရိုင်အား စံပြခရိုင်အဖြစ်ဆောင်ရွက်နေသည့်အတွက် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများ ပန်းတိုင်အထွက်တိုးအောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံရေး အတွက် နိုင်ငံတော်ကလည်း ကြိုးစားဆောင်ရွက်နေသလို တိုင်း ဒေသကြီးမှလည်း ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ယခုဝါနှင့် ပတ်သက်ပြီး အထည်အလိပ်ချည်များကို ပြည်ပမှတင်သွင်းနေရ၍ ပြည်တွင်း၌ထုတ်လုပ်ရန် မှာကြားချက်ရှိပါကြောင်း၊ ကုန်ကြမ်းဖြစ်သည့် ဝါကို ထွက်ရှိအောင် တိုင်းဒေသကြီးအတွင်း ကြိုးစားဆောင်ရွက်လိုပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



၎င်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနက် မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဦး၊ မိတ္ထီလာ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇင်မင်းထိုက်၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်မြင့်တို့က ၎င်းတို့လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ကြုံရသည့်အခြေအနေများနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်အလက်များအား တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်




**သရက် ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်(၁၁)နာရီက တောင်မင်းတည်းရပ်ကွက် သိမ်ကြီးဓမ္မာရုံအတွင်း ကျင်းပရာ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅၀)ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကားပြောကြားရာမှာ မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်များ အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်ဆိုသည့် မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရင်း မိမိတို့ကျေးရွာ ရပ်ကွက်များအတွင်း မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဆုံးရှုံးနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားပေးခဲ့သည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ပြောကြားပေးခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူအသီးသီးက တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းအား သင်တန်းသား(၅၀)ဦးဖြင့် ဒီဇင်ဘာ(၁၆)ရက်မှ ဇန်နဝါရီ(၁၀)ရက်နေ့အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**(ဇော်ဝမ်းထွန်း-အောင်လံ)**

ဝ-ဝ-ဝ-ဝ-ဝ

## ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံသို့ မွေးနေ့အထိမ်းအမှတ် အလှူငွေလှူဒါန်းပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၆၆ လမ်းရှိ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးသို့(ဝင်းရတနာမင်္ဂလာခန်းမကိတ်ရေခဲမုန့်) မိသားစုမှ မွေးနေ့အထိမ်းအမှတ် အလှူငွေလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ကလေးဆေးရုံခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ ၁၂ လမ်းရှိ အလှူရှင်(ဝင်းရတနာမင်္ဂလာခန်းမကိတ်ရေခဲမုန့်) ဦးညိုဝင်း+ဒေါ်ဌေးကြည် မိသားစု၊ ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အလှူရှင် ဦးညိုဝင်းမှ ဇနီး ဒေါ်ဌေးကြည် အသက်နှစ်(၆၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကလေးဆေးရုံအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ကလေးဆေးရုံကြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော့ကျော့ဝင်းနှင့် ဒေါက်တာ သီရိတိုးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(ဝ၄ဝ)**






## ဖာဂူဆန်ခေတ်လွန် ပွဲဦးထွက်မန်ချက်စတာဒါဘီမှာ နိုင်ပွဲရယူနိုင်သည့် ပထမဆုံးနည်းပြအဖြစ် အာမိုရင်မှတ်တမ်းဝင်

**မန်ချက်စတာ ဒီဇင်ဘာ ၁၆**

မန်ချက်စတာယူနိုက်တက်အသင်းနည်းပြ အာမိုရင်သည် အသင်းဂန္ထဝင်နည်းပြဟောင်း ဖာဂူဆန်ခေတ်နောက်ပိုင်း ပွဲဦးထွက် မန်ချက်စတာဒါဘီမှာ နိုင်ပွဲရယူနိုင်သည့် ပထမဆုံးနည်းပြအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းက မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဖာဂူဆန်နောက်ပိုင်း မန်ချက်စတာယူ နိုက်တက်အသင်းအား ဒေးဗစ်မိုရက်စ်၊ ဗန်ဟားလ်၊ မော်ရင်ဟို၊ ဆိုးလ်ရှား၊ ရန်းနစ်၊ တန်ဟက်ခ် အစရှိသည့် နည်းပြများစွာ ကိုင်တွယ်ခဲ့သော်လည်း မန်ချက်စတာဒါဘီ ပွဲဦးထွက်မှာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ နည်းပြအာမိုရင်တစ်ဦးတည်းကသာ စွမ်းဆောင်နိုင်ခဲ့သည်။




အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြအာမိုရင်သည် မန်ချက်စတာယူနိုက်တက်အသင်းအား ၂၀၂၄ခုနှစ် နိုဝင်ဘာ ၁၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇ပွဲတွင် ၄ပွဲနိုင်၊ ၁ပွဲသရေ၊ ၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

## ဂျာအိုပတ်ဒရိ ဘရိုက်တန်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၅၀ ပြည့်မြောက်

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဘရိုက်တန်အသင်း တိုက်စစ်မှူး ဂျာအိုပတ်ဒရိ အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဘရိုက်တန် အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ပြိုင်ပွဲစုံ ပွဲ ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျာအိုပတ်ဒရိသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘရိုက်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၁၆)ပွဲကစားအပြီးတွင် ရမှတ် ၂၄မှတ်ဖြင့် အဆင့် ၉နေရာတွင် ရပ်တည်ခဲ့သည်။

(ယာပုံ)(NGB)



## နည်းပြ ဂယ်ရီအိုနေးလ်အား နည်းပြရာထူးမှ ဝုဖ်အသင်း ထုတ်ပယ်

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဝုဖ်အသင်းသည် လက်ရှိအချိန် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ ဂယ်ရီအိုနေးလ်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဝုဖ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ပွဲကစားပြီး အဆင့် ၁၉နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဂယ်ရီအိုနေးလ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂယ်ရီအိုနေးလ်သည် ဝုဖ်အသင်းအား ၂၀၂၃ခုနှစ် ဩဂုတ်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၃ပွဲတွင် ပွဲ ၂၀နိုင်၊ ၁၁ပွဲသရေ၊ ၃၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဝုဖ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြဂယ်ရီအိုနေးလ် အားရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးအမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)





## နည်းပြ မာတင်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ဆောက်သမ်တန်အသင်း ထုတ်ပြန်ကြေညာ

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဆောက်သမ်တန်အသင်းသည် အသင်းရလဒ်ဆိုးများကြောင့် အသင်းနည်းပြ မာတင်အား ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ပွဲကစားအပြီးတွင်ရမှတ် ၅မှတ်ဖြင့် အဆင့် ၂၀နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ မာတင်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာတင်သည် ဆောက်သမ်တန်အသင်းအား ၂၀၂၃ခုနှစ် ဇွန် ၂၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၃ပွဲတွင် ၃၃ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၂၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆောက်သမ်တန်အသင်းအနေဖြင့် နည်းပြ မာတင်အား ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် မည်သည့်နည်းပြအား နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ပါကွီတာအား ခေါ်ယူရန် ဘိုတာဖိုဂိုအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဘရာဇီးကလပ် ဘိုတာဖိုဂို အသင်းသည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပါကွီတာသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုတာဖိုဂိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပါကွီတာကိုယ်တိုင်ကလည်း လက်ရှိအချိန် ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဘိုတာဖိုဂိုအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ ပါကွီတာအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## မာတစ်အား ခေါ်ယူရန် နာပိုလီအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ အပြိုင်စိတ်ဝင်စား

**တူရင် ဒီဇင်ဘာ ၁၆**

စီးရီးအေကလပ်အသင်းများဖြစ်သည့် နာပိုလီအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့သည် လိုင်ယွန် အသင်း ကွင်းလယ်ကစားသမား မာတစ်အား ခေါ်ယူရန် အပြိုင် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင်၊ လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ခြေစွမ်းပြထားနိုင်ခြင်းကြောင့် စီးရီးအေကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းကလည်း မာတစ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် စီးရီးအေကလပ်အသင်းများဖြစ်သည့် နာပိုလီအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ မာတစ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ဂေါ့ဖရေး ပြောကြား

**တူရင် ဒီဇင်ဘာ ၁၆**

အတ္တလန္တာအသင်း နောက်ခံကစားသမား ဂေါ့ဖရေးက မိမိအနေဖြင့် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် နော်တင်ဟမ်ဖောရက်စ်အသင်း အခြား ပရီးမီးယားလိဂ်ကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဂေါ့ဖရေးသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းက အဲဗာတန်အသင်းမှ အတ္တလန္တာ ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိအချိန်ထိ ပွဲစဉ် ၄ပွဲသာ ကစားရပြီး ပုံမှန်ပွဲထွက်ခွင့် နည်းပါးနေခြင်းကြောင့် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားလိုလာခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂေါ့ဖရေးက "ကျွန်တော်ကို ကမ်းလှမ်းထားတဲ့ ပရီးမီးယားလိဂ်ကလပ်အသင်းတွေရှိပါတယ်။ ကျွန်တော်အနေနဲ့ လာမည့် ဆောင်းရာသီဈေးကွက်မှာ ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့သွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



### နိုင်ကမ္ဘာ

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ(အုပ်စု-က)ပွဲစဉ်များ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၇-၁၂-၂၀၂၄ အင်္ဂါနေ့ | ညနေ ၅း၁၅ နာရီ | ကမ္ဘောဒီးယား - တီမော |
| ။ | ည ၇း၀၀ နာရီ | စင်ကာပူ - ထိုင်း |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(၁၆-သင်း အဆင့်)ပွဲစဉ်ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲဦ် အသင်း/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁၂-၂၀၂၄ နံနက် ၁၂း၃၀နာရီ | ဂျူဗင်တပ် - ကယ်ဂလီယာရီ (စီးရီးအေ-၆) (စီးရီးအေ-၁၈) | ဂျူဗင်တပ် ၁-၁ ကယ်ဂလီယာရီ (၆-၁၀-၂၀၂၄ စီးရီးအေ) | ဂျူဗင်တပ်(အိမ်) | ၉ | ၃ | ၆ | - | ၁၃ | ၇ |
| | | | ကယ်ဂလီယာရီ(ဝေး) | ၇ | ၁ | ၂ | ၄ | ၇ | ၁၁ |

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယထံမှ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များ ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များက ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများနှင့် နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များ ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)ဒေါက်တာဘဒ္ဒန္တကောသလ္လ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရ္ဇာယ်တော်မူသော မေတ္တာသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဘဒ္ဒန္တဝိစိတ္တညာဏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များအား ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ဆက်လက်၍ ကြွရောက်လာကြသည့် ဆရာတော်အရှင်သူမြတ်တို့အား ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဘဒ္ဒန္တကောဝိဒဓဇ ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြကာ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၇ ပါး၊ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော် ၅၁ ပါး၊ စုစုပေါင်း ၅၈ ပါးတို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၁)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှကြီးမှူး၍ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲ အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့်အမှုထမ်းများ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။





ရှေးဦးစွာ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနအသင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနအသင်းနှင့်စီမံရေးရာဌာနအသင်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်းနှင့်သန့်ရှင်းရေးဌာနအသင်းတို့အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ဈေးနှင့်သားသတ်ဌာနအသင်းနှင့် အဆောက်အအုံနှင့်ကုန်ရုံဌာနအသင်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနအသင်း၊ သန့်ရှင်းရေးဌာနအသင်းနှင့်စီမံရေးရာဌာနအသင်း၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်းနှင့် အခွန်ဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။

လွန်ဆွဲပြိုင်ပွဲတွင် အမျိုးသားအသင်း(၁၁)သင်းနှင့် အမျိုးသမီးအသင်း(၈)သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒီဇင်ဘာ ၁၈ရက်၊ ၂၀ရက်တွင် အကြိုဗိုလ်လုပွဲနှင့် ဒီဇင်ဘာ ၂၂ ရက်တွင် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်–၂)**

၀–၀–၀–၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သန့်ရှင်းရေးဌာနမှကြီးမှူး၍ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ပိုက်ကျော်ခြင်း အားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် ပထမပွဲစဉ် စီမံရေးရာဌာန(ဂ)အသင်းနှင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအသင်း၊ ဒုတိယပွဲစဉ် သန့်ရှင်းရေးဌာန(ခ)အသင်းနှင့် စီမံရေးရာဌာန(ခ)အသင်း၊ တတိယပွဲစဉ် အခွန်ဌာနအသင်းနှင့် ဈေးနှင့် သားသတ်ဌာန(က)အသင်း၊ စတုတ္ထပွဲစဉ် ဈေးနှင့်သားသတ်ဌာန(ခ)အသင်းနှင့် စီမံရေးရာဌာန(က)အသင်း၊ ပဉ္စမပွဲစဉ် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် ရေနှင့် သန့်ရှင်းမှုဌာနအသင်း၊ စက်ရုံနှင့် မော်တော်ယဉ်ဌာနအသင်းနှင့် သန့်ရှင်းရေးဌာန(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် အသင်း(၁၃)သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၂၀ ရက်တွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်–၃)**

၀–၀–၀–၀






## နေကြာစိုက်တောင်သူများအတွက် ယူရီးယား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများပေးအပ်

**မိတ္ထီလာ ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာတွင် နေကြာစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေးအပ်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံတွင် ပေးအပ်ခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် သမဝါယမဦးစီးဌာန မိတ္ထီလာခရိုင် ကြီးကြပ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးကျော်က မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးထားရှိသည့် စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နေကြာသီးနှံစိုက်ပျိုးမှု သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ယူရီးယားဓာတ်မြေဩဇာများ ထည့်သွင်းအသုံးပြုရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိရေးနှင့် သဘာဝမြေဩဇာများ အခမဲ့ ပေးအပ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ၄င်းနောက် မိတ္ထီလာမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ငြိမ်းက မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး သမဝါယမအသင်းစုမှ စိုက်ပျိုးစရိတ်များ ထုတ်ချေးဆောင်ရွက်ပေးမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး သမဝါယမဦးစီးဌာန မိတ္ထီလာခရိုင် ကြီးကြပ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့က စိုက်ပျိုးရေးတောင်သူများအား ယူရီးယား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေးအပ်ခဲ့သည်။

အဆိုပါ နေကြာစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ရေချိုကျေးရွာအုပ်စု၊ လိမ်တောကျေးရွာအုပ်စုနှင့် ညောင်ဖောက်ကျေးရွာတို့မှ ဒေသခံ နေကြာစိုက်တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၆၉)





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်အားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အခွန်ဌာနမှကြီးမှူး၍ ဖူဆယ်အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ဖူဆယ်ဘောလုံးအားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲတွင် ပထမပွဲစဉ် အခွန်ဌာနအသင်းနှင့် စီမံရေးရာဌာန(က)အသင်း၊ ဒုတိယပွဲစဉ် သန့်ရှင်းရေးဌာန(က)အသင်းနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် (၁၆)သင်းဝင်ရောက်ယှဉ်ပြိုင်ကြကာ ဒီဇင်ဘာ(၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၆)ရက်နေ့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**



## သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်

**မိုင်းတုံ ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အ.မ.က စာသင်ကျောင်းဝင်း၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီထွန်းနှင့်အဖွဲ့များသည် ပုံပါကျင်ပြည်သူ့ဆေးရုံမှ သွားဆရာဝန်အဖွဲ့တို့နှင့်ပူးပေါင်း၍ သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းနှင့် အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ (အပေါ်ပုံ)

ပုံပါကျင်ပြည်သူ့ဆေးရုံမှ သွားဆရာဝန်နှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၂၅၁ဦး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပုံပါကျင်ပြည်သူ့ဆေးရုံမှ သွားဆရာဝန် ဒေါက်တာမျိုးမင်းတိုးက သွားကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးရှင်းလင်းခြင်း၊ ဒေါက်တာ စိုင်းတင်ထွန်းဝင်းနှင့် ဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများအားလုံးကို သွားနှင့်ခံတွင်း စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ ကျောင်းသား၊ ကျောင်းသူ ၂၃၅ ဦးအား သွားတိုက်ဆေး၊ သွားတိုက်တံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်ကျောင်းရှေ့တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် အခြေခံစားသောက်ဆိုင်မှ ကြက်ဥတစ်လုံး ငွေကျပ် ၃၈၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ ဧည့်မထဆန် သုံးပြည်လျှင် ငွေကျပ် ၁၀၀၀၀ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ၁၂၁လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြား ညည-၆၃၊ သင်ပန်းကုန်းရပ်ကွက်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ နို့ထမင်းလမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းဘေးတွင် နေ့စဉ် နံနက် ၇နာရီမှ စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ၂၀ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## ဆီးရီးယားအစိုးရဘက်မှ ကမ်းလှမ်းလာမည်ဆိုလျှင် တူရကီနိုင်ငံက စစ်ဘက်ဆိုင်ရာသင်တန်းများပေးမည်




**အန်ကာရာ ဒီဇင်ဘာ ၁၆**

ဆီးရီးယားအစိုးရဘက်မှ ကမ်းလှမ်းလာမည်ဆိုလျှင် တူရကီနိုင်ငံက စစ်ဘက်ဆိုင်ရာသင်တန်းများ ပို့ချပေးသွားမည်ဖြစ်သည်ဟု တူရကီကာကွယ်ရေးဝန်ကြီး ယာဆာဂူလာက ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နေတိုးစစ်အုပ်စုဝင် တူရကီနိုင်ငံက ၁၃နှစ်ကြာမြင့်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်တွင် သမ္မတဟောင်း အာဆတ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် သူပုန်အင်အားစုများဘက်က နောက်ကွယ်မှ အစဉ်တစိုက် ရပ်တည်ထောက်ပံ့ပေးခဲ့သည်။

နောင်အာဏာရလာမည့် ဆီးရီးယားအစိုးရအနေဖြင့် အခြားနိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များကိုလည်းကောင်း၊ ကုလသမဂ္ဂကိုလည်းကောင်း လေးစားစွာဆက်ဆံသွားမည်ဟု မိမိယုံကြည်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

တူရကီနိုင်ငံအနေဖြင့် နိုင်ငံများစွာနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိရာ ဆီးရီးယားအစိုးရနှင့်လည်း ဆက်သွယ်ပြီး အလားတူပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ဂူလာက ထည့်သွင်းပြောကြားသည်။

တူရကီအစိုးရသည် ဆီးရီးယားကြားဖြတ်အစိုးရဖွဲ့စည်းပြီးနောက် ဒီဇင်ဘာ ၁၄ရက်က ဒမတ်စကတ်မြို့တော်တွင် သံရုံးပြန်ဖွင့်ခဲ့ကြောင်း သိရသည်။

Mon



## တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီက ဟိုက်ဒရိုဂျင်ကုန်ကား ရှစ်စင်း အမေရိကန်သို့ပို့ပေးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီက ဟိုက်ဒရိုဂျင်ကုန်ကား ရှစ်စင်းကို ယမန်နေ့က အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်သို့ ပို့ပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိတ်ခ်စ်ရှန့်ဟု အမည်ပေးထားသော ဟိုက်ဒရိုဂျင်ကုန်ကားများကို ဟွန်ဒိုင်းနှင့် ဂလိုဗစ်အမေရိကကုမ္ပဏီနှစ်ခု၏ ဖက်စပ်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် စမ်းသပ်အသုံးပြုသွားမည်ဟု ဆိုသည်။

ဟိုက်ဒရိုဂျင်စွမ်းအင်ခဲဖြင့် မောင်းနှင်ရသော ထိုကုန်ကား ၂၁စင်းထုတ်လုပ်ပြီးနောက် ထိုရှစ်စင်းကို ပထမအသုတ်အဖြစ် ဂျော်ဂျီယာသို့ ပို့ပေးခဲ့ခြင်းဖြစ်သည်။

ဟိုက်ဒရိုဂျင်အပြည့်သွင်းထားသော စွမ်းအင်ခဲဖြင့် အဆိုပါ ကုန်ကားကို မိုင် ၁၅၀အထိ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

## အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း သတ္တုတွင်းပြိုကျမှု၌ တွင်းလုပ်သား ၂၂ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်

**ကဘူးလ် ဒီဇင်ဘာ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာမာဂန်ပြည်နယ်အတွင်း ယမန်နေ့က သတ္တုတွင်းပြိုကျမှုဖြစ်ပွားရာ၌ တွင်းလုပ်သား ၂၂ ဦးကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒီဇင်ဘာ ၁၄ ရက် ညပိုင်းက ဖြစ်ပွားခဲ့သော သတ္တုတွင်းပြိုကျမှုတွင် လူ ၃၂ ဦးပိတ်မိနေသည်ဟု အစပိုင်း၌ ပြည်နယ်အုပ်ချုပ်ရေးမှူးက ထုတ်ဖော်ပြောကြားသည်။

လူ ၂၂ ဦးကို ကယ်ထုတ်ပြီးနောက် ပြိုကျသော တွင်းထဲတွင် ပိတ်မိနေသူမရှိတော့ကြောင်း ၄င်းက ထပ်မံအတည်ပြုခဲ့သည်။

အာဖဂန်နစ္စတန်၌ ၂၀၂၁ ခုနှစ်တွင် တာလီဘန်တို့ အာဏာရလာပြီးနောက်ပိုင်း ကြေးနီ၊ သွပ်၊ ခဲ၊ ကျောက်မီးသွေးနှင့် ကျောက်မျက်ရတနာများကို တူးဖော်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




ဦးနှောက်ခွဲစိတ်ကုသမှုခံယူကာ ကျန်းမာရေးကောင်းမွန်လာပြီဖြစ်သော အသက်၇၉နှစ်အရွယ် ဘရားဇီးသမ္မတ လူ့လ်စ်အီနာဆီရိုလူလာဒ်ဆီလ်ဗာ ဒီဇင်ဘာ ၁၅ ရက်က ဆော်ပေါလိုမြို့ရှိ ဆီးရီးယား-လက်ဘနွန်ဆေးရုံ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။

Mon

## ချီဒိုမုန်တိုင်း၏ လေတိုက်နှုန်း တစ်နာရီ မိုင် ၁၄၀ ကျော် မာယော့ကျွန်းပေါ်၌ လူအသေအပျောက် တိုးမြင့်လာနိုင်

**မာမွတ်ဇူ ဒီဇင်ဘာ ၁၆**

ချီဒိုဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း၏ လေတိုက်နှုန်း တစ်နာရီ မိုင် ၁၄၀ ကျော်အထိ ပြင်းထန်ခဲ့ရာ ပြင်သစ်ပိုင် မာယော့ကျွန်းပေါ်၌ လူအသေအပျောက်တိုးမြင့်လာနိုင်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှစ်ပေါင်း ၉၀ အတွင်း အပြင်းထန်ဆုံးဖြစ်သော ထိုမုန်တိုင်းဒဏ်ကြောင့် လူ ၂၀ ဦး သေဆုံးခဲ့သည်ဟု သက်ဆိုင်ရာက အတည်ပြုသည်။

သို့ရာတွင် ထိုကျွန်းပေါ်၌ စာရင်းမရှိဘဲ နိုင်ငံကူးပြောင်းလာသူပေါင်း ၁၀၀၀၀၀ ကျော်ရှိနေသဖြင့် လူအသေအပျောက် ပမာဏ ထောင်ဂဏန်းအထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

**STOP AIDS**



## ဖိလစ်ပိုင် သန္တာကမ်းရိုးတန်းရှိ အပန်းဖြေဟိုတယ်၌ နိုင်ငံခြားသားဧည့်သည် ၇ ဦး ကော့တေးအဆိပ်သင့်

**ဆူဗာ ဒီဇင်ဘာ ၁၆**

ဖီဂျီနိုင်ငံ သန္တာကမ်းရိုးတန်းရှိ အပန်းဖြေဟိုတယ်၌ နိုင်ငံခြားသားဧည့်သည် ၇ ဦး ယမန်နေ့က ကော့တေးအဆိပ်သင့်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် သြစတြေးလျ စသော နိုင်ငံများမှ အသက် ၁၈ နှစ်နှင့် ၅၆ နှစ်အကြား အဆိုပါ ဧည့်သည်များသည် ကြယ်ငါးပွင့်အဆင့်ရှိသော ထိုဟိုတယ်က တည်ခင်းသည့် ကော့တေးအရက်ကို သောက်ပြီးနောက် အဆိပ်သင့်အော့အန်ဖျားနာသဖြင့် ဆေးကုသမှုခံယူခဲ့ရသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေးနေသည်ဟု ဖီဂျီနိုင်ငံ ခရီးသွားဌာနအကြီးအကဲ ဘရင့်ဟီးလ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ Mon

## ဆီးရီးယားနိုင်ငံ တာတွတ်စ်နယ်နိမိတ်အတွင်း၌ ဒုံးလက်နက်တိုက်များကို အစ္စရေးဦးတည်တိုက်ခိုက်

**ဒမတ်စကတ် ဒီဇင်ဘာ ၁၆**

ဆီးရီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းနှင့် တစ်ဆက်တည်းဖြစ်သော တာတွတ်စ်နယ်နိမိတ်အတွင်း၌ ဒုံးလက်နက်တိုက်များကို အစ္စရေးဘက်က ဒီဇင်ဘာ ၁၅ ရက်တွင် ဦးတည်တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတဟောင်း အာဆတ်လက်ထက်က ဝယ်ယူသိုလှောင်ထားခဲ့သော မြေပြင်မှမြေပြင်ပစ် ဒုံးလက်နက်များရှိရာ လက်နက်တိုက်များကို မိမိတို့တိုက်ခိုက်ခြင်းဖြစ်သည်ဟု အစ္စရေးဘက်က အတည်ပြုကြေညာသည်။

အစ္စရေး၏ ထိုလေကြောင်းတိုက်ခိုက်မှုသည် (၁၀)နှစ်ခန့်အတွင်း အပြင်းထန်ဆုံးဖြစ်ပြီး ပေါက်ကွဲသံများကို ကျယ်လောင်စွာကြားခဲ့ရကြောင်း ဆီးရီးယား ဒေသခံများက ပြောသည်။

ဆီးရီးယားရေတပ်အတွက် အရေးပါသော စစ်အခြေစိုက်စခန်းထားရှိခဲ့သည့် တာတွတ်စ်နယ်နိမိတ်အတွင်း ရှင်းပစ်ရမည့် လက်နက်များကို အစ္စရေးဘက်က ကြိုတင်ထောက်လှမ်းပြီးမှ အဆိုပါလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတို့ ဖယ်ရှားရှင်းလင်းပစ်လိုက်သော လက်နက်များထဲတွင် လေကြောင်းရန်ကာကွယ်ရေးဒုံးလက်နက်များလည်း ပါဝင်ကြောင်း သိရသည်။ Mon



## မြန်မာ့သမဝါယမ

* လူ့ဘောင်ဘဝ ၊ ကျင်လည်ကြစဉ်
အတ္တပရ ၊ မျှတအားဖြင့်
အများအကျိုး ၊ တစ်ဦးထမ်းပိုး
တစ်ဦးအကျိုး ၊ အများအားကိုး
မိသားစုဟန် ၊ လုပ်ရှားရန်းကန်
ပြန်လှန်ဖေးမ ၊ ဝေမျှစီးပွား
စုစည်းဆုံးဖြတ် ၊ ပေါင်းစပ်ကြံဉာဏ်
လဲကျပြန်ထ ၊ ဝီရိယဖြင့်
မလျှော့လုံ့လ ၊ မြန်မာ့သမဝါယမ ။

* နိုင်ငံ့စီးပွား ၊ ရန်ပုံငွေအား
တောင်သူအများ ၊ လိုအပ်ခြားသည့်
ဓာတ်မြေသြဇာ ၊ မွေးမြူအစာ
လိုအပ်ပေးကူ ၊ စိုက်ပျိုးမွေးမြူ
မျိုး,မြေ,ရေ,နည်း ၊ မှန်ကန်စေဖို့
တည့်မတ်ထိန်းလို့ ၊ မလပ်ပုံ့ပိုး
နေကြာစပ်မျိုး ၊ နွေမိုးစပါး
နှမ်းဝက်ကြက်ဘဲ ၊ ဝါပဲစုံပေ
ထွက်တိုးလေသော် ၊ ပျော်ကြရွှင်ကြ
ဝင်ငွေတိုးရ ၊ ကုန်ထုတ်သမဝါယမ ။

* ထွက်ရှိသီးနှံ ၊ သားငါးမကျန်
စားဝတ်နေမှု ၊ လိုအပ်လူ့ဘုံ
တန်ဖိုးမြှင့်ကုန် ၊ စက်ရုံလုပ်ရုံ
တိုးတက်ထုတ်ကြ ၊ စက်မှုသမဝါယမ ။

* မြန်မာ့ရိုးရာ ၊ လက်မှုပညာ
ထိန်းသိမ်းစဉ်လာ ၊ ခေတ်မီစွာဖြင့်
လက်ရာဆန်းကြယ် ၊ လှပတင့်တယ်
လက်မှုထည်များ ၊ လူ့စွမ်းအားနှင့်
ဝင့်ကြွားထုတ်ကြ ၊ လက်မှုသမဝါယမ ။

* ငွေစုငွေချေး ၊ ပို့ဆောင်ရေးနှင့်
ဆေးရုံဆေးခန်း ၊ လုပ်ငန်းသွယ်သွယ်
ဟိုတယ်မကျန် ၊ ဆောင်ရွက်ပြန်သော်
သက်သာနှုန်းထား ၊ ပြည်သူခံစား
အကျိုးများကြ ၊ ဝန်ဆောင်သမဝါယမ ။

* ကုန်ထုတ်သမ ၊ ထွက်သမျှနှင့်
ပြည်တွင်းပြည်ပ ၊ ကုန်စည်များစွာ
သင့်တင့်ဈေးသာ ၊ သတ်မှတ်ကာဖြင့်
အမြတ်မထား ၊ အသင်းသားများ
ဖောက်ကားရောင်းဝယ် ၊ ကုန်သွယ်သမဝါယမ ။

* မည့်သည့်မျိုးစား ၊ အသင်းများအား
လူမှုစီးပွား ၊ မြင့်မားတိုးတက်
ရှေ့သို့ဆက်ရန် ၊ ရည်စိတ်သန်လျက်
ပေါင်းစပ်ဖွဲ့စည်း ၊ ပညာပေးပြီး
ကြီးကြပ်ထိန်းကျောင်း ၊ လမ်းကြောင်းမှန်ပေါ်
ဖော်ဆောင်လှုပ်ရှား ၊ ဌာနအားကူ
အေးတူပူမျှ ၊ နှစ်တစ်ရာ့နှစ်ဆယ်ကြာ
စွယ်တော်ပမာ ၊ နှစ်လွှာတစ်ရွက်
မရပ်မနား ၊ လှမ်းတက်ကြသည်
နည်းပေးလမ်းပြ ၊ သမဝါယမဌာန
ရာမှုထောင်ချီ ၊ နှစ်အလီလီ
အခွန့်ရှည် တည်တံ့ပါစေသော် ။ ။

တာရီထွန်း

## ပန်းမန္တလာပန်းချီအဖွဲ့၏ စုပေါင်းပန်းချီပြပွဲ မန္တလေးတောင်ပန်းချီပြခန်းတွင် ခင်းကျင်းပြသ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့မှ နာမည်ကျော် ပန်းချီပညာရှင်များဖြစ်သော ပန်းချီအောင်အောင်၊ပန်းချီအောင်မင်း၊ အင်ဂါဉူး၊ လူမော်၊ မိုးမြင့်ထွန်း၊ မြင့်ထွန်း(မန္တလေး)၊ မြင့်ထွန်း(ပြင်ဦးလွင်)၊စမုံဦး၊စိုးမြင့်ဦး၊ စိုးဝင်း(ရွှေလက်ရာ)၊ စိုးဝင်းအောင်၊ သာဆိုင်၊ ဝေလီလင်း၊ ဇော်ဇော်စသည့် ပန်းမန္တလာပန်းချီအဖွဲ့၏ စုပေါင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁၅ရက်မှ ၁၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ မန္တလေး၊အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေသို့ကြီးအနီးရှိ မန္တလေးတောင်ပန်းချီပြခန်းတွင် ခင်းကျင်းပြလျက်ရှိရာ မန္တလေးမြို့မှ ပန်းချီချစ်မြတ်နိုးသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပန်းချီအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီ၊ ပန်းပုကျောင်း(မန္တလေး)မှ ပန်းချီကျောင်းသားများနှင့် စိတ်ဝင်စားသူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပန်းမန္တလာပန်းချီပြပွဲတွင် ပန်းချီဆရာ (၁၄)ဦး၏ ရေဆေး၊ ဆီဆေးနှင့် အခရိုင်လစ်ပန်းချီကား (၇၀)ကျော်ပြသထားသည်။ ပန်းမန္တလာပန်းချီအဖွဲ့သည် ၂၀၂၄ ခုနှစ် မတ် ၂ရက်မှ ၄ ရက်အထိ ပထမအကြိမ် စုပေါင်းပန်းချီပြပွဲကိုလည်း မန္တလေးတောင်ပန်းချီပြပွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး



## မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး အရည်အချင်းစစ်စာမေးပွဲ ကျင်းပ

**မိုင်းပျဉ်း ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး အရည်အချင်းစစ်စာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ မိုင်းပျဉ်းမြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး အရည်အချင်းစစ်စာမေးပွဲကို အ.ထ.က ကျောင်း၌ ကျင်းပရာ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ G-9, G-10,G-11,G-12 ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ G-9 တွင် ၅ ဦး၊ G-10 တွင် ၄ ဦး၊ G-11 တွင် ၃ ဦးနှင့် G-12 တွင် ၂ ဦး ဖြေဆိုကြရာ စုစုပေါင်း ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၁၄ ရက်တွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဒီဇင်ဘာ ၁၅ ရက်တွင် အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ဒီဇင်ဘာ ၁၆ ရက်တွင် ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ မိုင်းပျဉ်းမြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး အရည်အချင်းစစ်စာမေးပွဲ အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်း၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပညာရေးဌာနမှ သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## လူထုအခြေပြုဗဟိုဌာနတွင် "ဘဝမှတ်တမ်းဇာတ်လမ်းပမာ" စာအုပ်ဖြင့် စာပတ်ဝိုင်း ကျင်းပ

**စဥ့်ကိုင် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့တို့ ပူပေါင်း၍ စာရေးဆရာဗန်းမော် တင်အောင် ရေးသားသည့် "ဘဝမှတ်တမ်း ဇာတ်လမ်းပမာ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း နာယက ဦးသန်းအောင်က အဆိုပါစာအုပ်မှ အခန်း(၁) ငယ်စဉ်ဘဝ နေ့ရက်များအပိုင်းမှ "ဘဝ၏ကနဦး နေ့ရက်များ" ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး (Book Club) အတွင်းရေးမှူး ဦးတိုက်ကြည် (တရားလွှတ်တော်ရှေ့နေ)က "ကိုးတန်းကျောင်းသားဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ခင်စန်း(အဖွဲ့ဝင်)က "စာအုပ်များနှင့် ကျွန်တော်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် (Book Club) အဖွဲ့ဝင်များကလည်း စာအုပ်တွင် ပါဝင်သည့် အခန်းကဏ္ဍများအလိုက် မိမိတို့၏ အတွေးအမြင်ရသများအား အသီးသီး ပါဝင်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ) (၃၉၉)





## သတင်းပဒေသာ

### အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြု၍ အလှူရှင်များမှ စုပေါင်းတည်ထားကိုးကွယ်တော်မူသည့် အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်အတွင်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို မင်္ဂလာရထားပျံဖြင့် အဆင့်ဆင့်တင်လှူပူဇော်၍ အမွေးနံ့သာရည်များပက်ဖျန်းကာ ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းခဲ့ပြီး စေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ခြင်းနှင့် စေတီတော်မြတ်ကြီး၏ ပုရိဝုဏ်အတွင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြို့နယ်အဆင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ စိစစ်ရွေးချယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ စိစစ်ရွေးချယ်ခြင်း ရေးဖြေစာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အ.ထ.က(မိုင်းဖြတ်)တွင် ကျင်းပသည်။ ထိုသို့ ဖြေဆိုရာတွင် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ တာဝန်ကျဆရာ၊ ဆရာများ၏ ကြီးကြပ်မှုဖြင့် အ.ထ.က(မိုင်းဖြတ်)၊ အထက(ဟိုနား)၊ အလက(ပါဆန်း) ကျောင်းများမှ (Grade-9) ခြောက်ဦး၊ (Grade-10) လေးဦး၊ (Grade-11) လေးဦး၊ (Grade-12) လေးဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယမန်နေ့ နံနက်ပိုင်းက စုရပ်ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစတင်၍ ပြည်သူ့အားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်ရေးရာ အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အ.ထ.က(ခွဲ)လ(၁)အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့တွင် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းများကို ဒီဇင်ဘာလ ၁၂ ရက် နံနက် ၉ နာရီမှစ၍ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် ကွင်းဆင်းထိုးနှံပေးသည်။ ကွန်ဟိန်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်မာအေးက အမျိုးသမီးများတွင် (HPV) ပိုးကူးစက်ခြင်းကြောင့် သားအိမ်ခေါင်းကင်ဆာလက္ခဏာများတွေ့ရှိရခြင်းများ၊ သားအိမ်ခေါင်း ကင်ဆာ၏နောက်ဆက်တွဲပြဿနာများ၊ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံရခြင်းများကို ရှင်းလင်းပြောကြားကာ (HPV) သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများကို စနစ်တကျ ထိုးနှံပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာအောင်ဆုနှင်းသဘင် ကျင်းပမည်



**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၆၂ လမ်း၊ ၂၄လမ်းနှင့်၂၅လမ်းကြား နိုင်ငံတော် သံဃာ့မဟာနာယက နိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ စလင်းဝိဘင်္ဂဝါဒီ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိလာသာဘိဝံသ မဟာထေရ်မြတ် ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူသော စာအောင်ဆုနှင့် ဆုနှင်းသဘင်ကို နတ်တော်လပြည့်ကျော် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ကစ္စည်းသဒ္ဒါကျမ်းသည် စနစ်တကျသင်ယူခဲ့သော် စာချတန်း နားလည်ရန်နှင့် ပါဠိစာပေကျမ်းကျင်စွာသင်ယူတတ်မြောက်နိုင်ရန်အတွက် အကောင်းဆုံးကျမ်းတစ်စောင်ဖြစ်သည်ကို အတွေ့အကြုံအရ သိရတယ်၊ သကျသီဟ(ခေါ်)ပရိယတ္တိသာသနဟိတစာမေးပွဲ စာသင်တန်းအောင်ပြီး စာချတန်းစာများလေ့လာသောအခါ၌ အခြေခံနည်း၍ ခက်ခက်ခဲခဲလုပ်ခဲ့ရသော်လည်း အနည်းငယ်သော သဒ္ဒါအခြေခံကြောင့် တဖြည်းဖြည်းစာချတန်းများကို နားလည်သဘောပေါက်လာတယ်။ နားလည်လာတဲ့အခါ မြန်မာပြည်အရပ်ရပ်၌ စာသင်တိုက်တော်တော်များများ စာချတန်း နားလည်နိုင်စွမ်းရှိအောင် သဒ္ဒါအခြေခံခိုင်ခိုင်ခံ့ခံ့ လုပ်မပေးနိုင်သည်ကိုသိမြင်လာ၍ သိသည်နှင့်အမျှ မိမိတပည့်များကို သဒ္ဒါအခြေခံခိုင်ခံ့ရေး အမြဲသတိထားကြိုးပမ်းလာတယ်၊ ဒါကြောင့် ယခုခေတ်စာသင်သားများ စာချတန်းများ လွယ်လွယ်ကူကူ နားလည်နိုင်စေရန် ပါဠိစာပေကို ပညာရှင်အနေဖြင့် တတ်မြောက်နိုင်စေရန်၊ ကစ္စည်းသဒ္ဒါကျမ်း မပျောက်ကွယ်ရန် ရည်သန်၍ ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် ကျင်းပသောစာမေးပွဲ၌ ပထမဆင့်ကြို ရှစ်ပါး၊ ပထမဆင့်အောင် သုံးပါး၊ ဒုတိယဆင့်အောင် ရှစ်ပါး၊ တတိယဆင့်အောင် ရှစ်ပါးတို့အား နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် စာအောင်ဆုနှင်းသဘင် အခမ်းအနားဖြင့် ဆက်ကပ် ချီးမြှင့်မည်ဖြစ်သည်။

စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ အဆင့် ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက် အကြိမ်များစွာ ဖြေဆိုခွင့်ပြုထားပြီး ပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့် အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့် အောင်မြင်ပါက "ကစ္စာယနဝေယျာကရဏိက ပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

## အာစီကွန်ကရစ်ရေကန် ရေစက်ချလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၆**

ရေကန်အလှူတော်မင်္ဂလာ ရေစက်ချပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။ အဆိုပါရေကန်ကို သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သောက်ရေ၊ သုံးရေနှင့် အဖက်ဖက်မှ အသုံးပြုနိုင်ရန် အလျား (၈)ပေ၊ အနံ (၈)ပေ၊ အမြင့်(၈)ပေ အာစီကွန်ကရစ်ရေကန်အတွက် ငွေကျပ်သိန်း ၁၀၀ နီးပါးခန့် အကုန်ကျခံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရေစက်ချမင်္ဂလာပွဲကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန် အောင် ဆုတောင်းပြည့် မြတ်ဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပြုလုပ်ခဲ့သည်။

နံနက် ၉ နာရီ မင်္ဂလာအခါတွင် ရေကန်အလှူဒါယကာကြီး ဦးဆန်းထူး+ဒေါ်နီနီ၊ (သမီး)မဝေဝေထူး မိသားစုတို့က ပဓာနနာယကတိုက်အုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒထံက သီလတရားများ ခံယူ၍ ရေစက်ချအနုမောဒနာတရားများ နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ရှင်သာမဏေများ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများကို ဒံပေါက်ထမင်းဘူးများ လှူဒါန်းဝေငှခဲ့သည်။ ၁၀ နာရီခွဲတွင် နဂါးကိုးကောင်ဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်များ နေ့ဆွမ်းနှင့် အချိုပွဲများကို ဆက်ကပ်လှူဒါန်းခဲ့ကာ ဆရာမများနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံခဲ့သည်။

ယခုအခါ အဆိုပါကျောင်းတွင် KG တန်းမှ K8 အထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ကို ဆရာ၊ ဆရာမ ၃၀ ဦးဖြင့် ပညာသင်ကြားလျက်ရှိသည်။ သံဃာတော် ၁၀၄ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၄၅ ပါးတို့ သီတင်းသုံးလျက်ရှိရာ ဆွမ်း၊ ကွမ်းနှင့်တကွ ပညာရေးထောက်ပံ့ပစ္စည်းများ လိုအပ်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်းလိုသော ပဋ္ဌာန်းဆက် အလှူရှင်ဒါယကာ၊ ဒါယိကာမများအနေဖြင့် ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နိုးဆော်လျက်ရှိကြောင်း အကျိုးတော်ဆောင်အဖွဲ့ထံမှ သိရသည်။

(အပေါ်ယာပုံ)

(ကဆ)



## ဘီပိုးကာကွယ်ဆေး ထိုးနှံပေးခြင်း ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၆**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့်၁၄လမ်းထောင့်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး၌ ယမန်နေ့ နံနက်ပိုင်းက ဆေးရုံတာဝန်ကျဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ပထမနှစ် တက်ရောက်ပညာသင်ယူလျက်ရှိကြသည့် သင်တန်းသား ရဟန်းသံဃာတော်အရှင်မြတ်များအား ဘီပိုးကာကွယ်ဆေး(ပထမအကြိမ်) ထိုးနှံပေးခြင်းဆောင်ရွက်ရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



# သတိပြုဖွယ် သတင်းနယ်ပယ်(၅)

နိုင်ဗလ

လူထုကို မြူဆွယ်သော သတင်း(လူထုကျိုးပြုမဟုတ်)မျိုးဖြင့် စီးပွားဖြစ်လုပ်တတ်သော သတင်းစာကို အဝါရောင်သတင်းစာဟု ခေါ်ဝေါ်ကြောင်း သတိပြုဖွယ်သတင်းနယ်ပယ်(၃)တွင် ဖော်ပြပြီး ဖြစ်သည်။

နယူးယောက်ဝေါအမည်ရှိ အမေရိကန် သတင်းစာတစ်စောင်တွင် လူပြိန်းကြိုက်၊ သည်းခြေခိုက်စေမည့်အကြောင်းအရာများကို ရှာဖွေရေးသားသော 'အဝါရောင်ချာတိတ်' ဟူသည့် ကာတွန်း ကဏ္ဍတစ်ခုအမြဲဖော်ပြလေ့ရှိသည်။ ထိုကာတွန်းရုပ်ပြဇာတ်လမ်းကို အဝါရောင်မင်ဖြင့် ပုံနှိပ်ဖော်ပြသည်။ ထိုအကြောင်းကို အစွဲပြု၍ ပရိသတ်သည်းခြေခိုက်စာမျိုးရေးသားသော စာနယ်ဇင်းမှန်သမျှကို အဝါရောင်စာနယ်ဇင်း Yellow Journalism ဟု ခေါ်လေ့ရှိခဲ့သည်။

တည်ငြိမ်လေးနက်သော သတင်းများကို ရှာဖွေရေးသားခြင်းမပြုဘဲ အတင်းအဖျင်းနှင့် လူပြိန်းကြိုက်များသော ရေးသားဖော်ပြလျှင်လည်း Yellow Journalist ဟု ခေါ်သည်။ တစ်စုံတစ်ဦး အကြောင်းကို အပြုသဘောဖြင့် မဝေဖန်ဘဲ ပုတ်ခတ်ရေးသားခြင်းကို Investigative Journalist ဟုခေါ်သည်။ အပုပ်ချရေးသူကို Muckrakers ဟုခေါ်သည်။

ကမ္ဘာ့သတင်းနယ်ပယ်နှင့် စာနယ်ဇင်းနယ်ပယ်ကို လေ့လာကြည့်လျှင် အသိပညာဆိုင်ရာ လေးနက်သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်များမှာ စောင်ရေနည်းပါးစွာ ထုတ်ဝေရသည်ကို သတိပြုမိသည်။ ပညာပေးရေး ဦးတည်သော ရေဒီယို၊ TV အစီအစဉ်များလည်း နားထောင်သူ ကြည့်ရှုသူ နည်းပါးသည်ကို တွေ့ရသည်။ သတင်းစာကို လူပြိန်းကြိုက် Tabloid (တက်ဘလွိုက်)သတင်းစာနှင့် အရည်အသွေးအဆင့်အတန်းမြင့် Quality (ကွာလတီ)သတင်းစာဟူ၍ ခွဲခြားနိုင်သည်။ သတင်းစာ၏ အရွယ်အစားပေါ်မူတည်၍လည်း အရွယ်ကြီးသတင်းစာ (Broad Sheet)နှင့် သူ့ထက် ထက်ဝက်ငယ်သော သတင်းစာ( Tabloid)ဟုလည်း ခေါ်ကြသေးသည်။ သတင်းစာလောကတွင်လည်း လူပြိန်းကြိုက် Tabloid အမျိုးအစားသာ စောင်ရေအများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။

သတင်းစာဆရာ (အယ်ဒီတာ၊ သတင်းထောက်၊ ဆောင်းပါးဆရာ)တစ်ယောက်ဖြစ်လာရန် လေ့လာသင်ယူမှုများစွာ လိုအပ်ပေသည်။ သတင်းစာဆရာ၊ ဂျာနယ်လစ်တစ်ဦးသည် မွေးကတည်းက အလိုလိုတတ်မြောက်လာသည်မဟုတ်၊ သတင်းစာဆရာကြီးများ၏ ညွှန်ပြမှုနှင့် စာအုပ်၊ စာပေတို့ကို လေ့လာရပေမည်။ ဦးဖြူ သတင်းစာဆရာ ဟုခေါ်သော 'လွယ်ပါတယ်၊ ဘယ်သူလုပ်လုပ်ရတယ်' ဟု အတွေးရှိပြီး မလေ့လာ၊ မလိုက်စားဘဲ လုပ်သောသူများမှာ ရေရှည်တွင် ပြဿနာရှိလာမည်မှာ မလွဲပေ။ သတင်းစာဆရာ၊ ဂျာနယ်လစ်များ သိသင့်သိအပ်၊ တတ်သင့်တတ်အပ်သည်တို့ကို မလေ့လာဘဲ 'ထင်'တစ်လုံးနှင့် ရမ်းသမ်းလုပ်က ခလုတ်တိုက်မှောက်ထိုးလဲ၊ ---ကျိုးနဲ့ရမည်မှာ သေချာသည်။

ကမ္ဘာ့သတင်းနယ်ပယ်နှင့် စာနယ်ဇင်းနယ်ပယ်ကို လေ့လာကြည့်လျှင် အသိပညာဆိုင်ရာ လေးနက်သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်များမှာ စောင်ရေနည်းပါးစွာ ထုတ်ဝေရသည်ကို သတိပြုမိသည်။

သတင်းသမားများ သတင်းစာ ဆရာများဖြစ်လာရန်အတွက် အခြေခံလိုအပ်ချက် ကို ဂျာနယ်လစ် ဦးခင်မောင်ကြီးက သင်ပြခဲ့ဖူးသည်။ ၁။အပေါင်းအသင်းဆံ့ရမည်။ ၂။ မျက်စိ၊ နားကို အမြဲဖွင့်ထားရမည်။ ၃။ စိတ်အားထက်သန်ရမည်။ ၄။ဝေဖန်ပိုင်းခြားတတ်ရမည်။ ၅။ကြံဖန်တတ်ရမည်။ ၆။ယုံကြည်မှုကို လေးစားရမည်။ ၇။လူတိုင်း၏ အကျိုးကို စောင့်ရှောက်ထားရမည်။ ၈။ဖွဲလုံ့လရှိရမည်။ ၉။ ကိုယ်ကျင့်တရားကောင်းရမည်။ ၁၀။ တရားမျှတရမည်ဟု ဆိုခဲ့သည်။ အပေါင်းအသင်းဆံ့မှသာ မိမိတို့ လိုအပ်သမျှ သတင်းများကို အလွယ်တကူ စုံစမ်းရယူနိုင်မည် ဖြစ်သည်။ မျက်စိ၊ နားကို အမြဲဖွင့်ထားစုံစမ်းလေ့လာနေမှသာ ထူးခြားချက်နှင့် လိုအပ်ချက်များ သတင်းများကို မြင်နိုင်မည် ဖြစ်သည်။ စိတ်အားထက်သန်ပြီး ဖွဲလုံ့လရှိမှသာ လုပ်ငန်းကို ရေရှည်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဝေဖန်ပိုင်းခြားမှန်မှား၊ ချင့်ချိန်နိုင်မှ လိုက်သင့်သော

အယ်ဒီတာတစ်ဦးဖြစ်ရန် တည်းဖြတ်၊ ပြင်ဆင်တတ်ရုံမျှမက စာအရည်အသွေးကို သိနားလည်သူ၊ အကဲဖြတ်တတ်သူ၊ စာရေးကောင်းသော စာရေးဆရာ တစ်ဦးလည်း ဖြစ်ရန် လိုအပ်သေးသည်။

သတင်း၊ ချန်သင့်သော သတင်း သိမည် ဖြစ်သည်။ ကြံဖန်တတ်မှ သတင်းကို မည်ကဲ့သို့ရအောင် ဆောင်ရွက်မည်ကို သိမည်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမှသာ ဘက်မလိုက်သော၊ သတင်းကို သတင်းလိုကြည့်သောသူဖြစ်ပြီး တရားမျှတသောသူဖြစ်လာနိုင်သောကြောင့် အခြေခံအချက်ဟု သတ်မှတ်ခြင်း ဖြစ်သည်။

သတင်းစာ(သို့မဟုတ်)စာနယ်ဇင်းပုံစံတိုင်းတွင် အယ်ဒီတာဟူသည် မရှိမဖြစ် လိုအပ်သည်သာ ဖြစ်သည်။ တည်းဖြတ်ခြင်းသည် Editing ဖြစ်သည်။ Editor မှာ တည်းဖြတ်သူဖြစ်သည်။ အယ်ဒီတာဟူသော ဝေါဟာရမှာ 'Edere to give 0ut' အပြင်သို့ ထုတ်ပေးသည်ဟူသော လက်တင်စကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံကြော်ငြာစသည်ဖြင့် အစုံအလင်ကို တည်းဖြတ်ထုတ်ပေးသူဟု ဆိုလိုသည်။

'အယ်ဒီတာအလုပ်သည် သူတစ်ပါးရေးသည့် များစွာသော အမှိုက်ပုံကြားထဲမှ မိမိဂုဏ်ကို အသုံးပြုကာ ရှေ့အစွန်း၊ နောက်အစွန်း ဆင်ခြင်လျက် တော်၏။ မတော်၏။ သင့်၏။ မသင့်၏။ ချင့်ကာ ကြည့်ပြီးနောက် ဤစာကို ခြင်းထဲသို့ ဆုတ်ချ၊ ဟိုစာကို ဖိုင်မှာတွဲ၊ ထိုစာစုကို ထိုလူထံပြန်ပို့၊ ရာဇဝတ်မှုအရေးတို့ကို ဖယ်ရှားကာ ဘယ်စာမှားက ဘယ်လူစုအတွက် ဘယ်လိုအကျိုးများပြီး အဘယ်အမျိုးတို့ကို စာနယ်ဇင်းဖတ်သူတို့ သဘောကျမည်ဟု ဆင်ခြင်ကာ နယ်ကို အမြီးတပ်၊ အသက်ကို ထင်အောင်ရေး၊ သေသေးတင်ပါမကျန်ရစ်ရအောင် လျော်သလို ပြုပြင်ပြီး ဖြတ်တန်ဖြတ်၊ ဖြည့်တန်ဖြည့်၊ ပြောင်းတန် ပြောင်းပြီး ကောင်းအောင် အကန့်

ကမ္ဘာ၏ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော အကြောင်းအရာအမျိုးမျိုး၏ သတင်းကို လူအများသိရှိစေရန် မှတ်တမ်းတင်၍ ရေးသားဖြန့်ချိသည့် ပညာသည် စာနယ်ဇင်းအတတ်ပညာဖြစ်သည်။ တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းလောကသည် လူထုနှင့် အနီးစပ်ဆုံးဖြစ်ရကား စာနယ်ဇင်းအတတ်ကို လူတိုင်းလေ့လာထိုက်လှသည်။

အကန့်ခွဲ၊ အခန်းအခန်းတို့မှာ နေရာချပြီးလျှင် စာနယ်ဇင်းတည်းဟူသော စာအမျိုးမျိုး ပွဲကြီးရုံကြီးမှာ ဆော့စ်ကလေး၊ ချက်တနီးကလေးများနှင့် မွှေးမွှေး ကြိုင်ကြိုင်၊ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်အောင် အငွေ့တထောင်းထောင်းနှင့် မြင်ရလျှင် သွားရည်ယိုလောက်အောင် စီမံတတ်သော **စာအိုးသူကြီး**ဉာဏ်မျိုးရှိသူတို့ကို အယ်ဒီတာဟု ခေါ်ဝေါ်သမုတ်အပ်ပေကြောင်း'ဟု ဆရာကြီး ပီမိုးနင်းက ၁၉၃၀ က ရေးသားခဲ့ဖူးသည်။

အယ်ဒီတာ၏ တာဝန်မှာ များပြားလှသည်။ သတင်းစာ စာစောင်၏ မူဝါဒ(တစ်နည်းအားဖြင့်) အယ်ဒီတာအဖွဲ့၏ မူဝါဒကို ချမှတ်အကောင်အထည်ဖော်ရခြင်း၊ ခေါင်းကြီးပိုင်းရေးခြင်း၊ သတင်းဆောင်းပါး ကာတွန်းများကို တည်းဖြတ်ခြင်း၊ သတင်းများရရှိအောင် လမ်းညွှန်ခြင်း၊ လမ်းကြောင်းပေးခြင်း၊ ဓာတ်ပုံများကို တည်းဖြတ်ခြင်း၊ ကြော်ငြာဒီဇိုင်း၊ ဓာတ်ပုံစာသားများကို တည်းဖြတ်ခြင်းတို့ ဖြစ်သည်။ ထို့ပြင် စာမူအမျိုးမျိုးကို House Style (တိုက်သုံးဟန်)နှင့် ညီညွတ်အောင် စီစစ်ပြုပြင်ရသည်။ သတင်းစာတွင်ပါရှိမည့် စာအားလုံးကို ပြေပြစ်၊ ချောမော၊ မှန်ကန်အောင် အယ်ဒီတာက ညှိပေးရသည်။ သတင်း၏ အရေးပါမှုကိုကြည့်၍ တိုလျှင် ချဲ့ခြင်း၊ ရှည်လျှင် ချုံ့ခြင်းလည်း ပြုတတ်ရသည်။ အချို့ သတင်းဆောင်းပါးတို့၏ အချက်အလက်တို့နှင့် အရေးအသားတို့ကို ပြင်ဆင်ဖြည့်စွက်တန်ဆာဆင်ပေးရသေးသည်။ ထို့ကြောင့် အယ်ဒီတာတစ်ဦး ဖြစ်ရန် တည်းဖြတ်၊ ပြင်ဆင်တတ်ရုံမျှမက စာအရည်အသွေးကို သိနားလည်သူ၊ အကဲဖြတ်တတ်သူ၊ စာရေးကောင်းသော စာရေးဆရာတစ်ဦးလည်း ဖြစ်ရန် လိုအပ်သေးသည်ဟု ဆရာအဆက်ဆက်သင်ပြခဲ့ကြသည်။

'အယ်ဒီတာတစ်ယောက်ဟာ ကိုယ်ထုတ်မယ့်မူ Subject ကို နိုင်နင်းရမယ်။ ဒါကို မနိုင်နင်းဘဲနဲ့ အယ်ဒီတာလုပ်လို့ကတော့ **စာမူစုထည့်သူ** ပဲ ဖြစ်လိမ့်မယ်။ မကောင်းတာကို အားနာလို့ မထည့်ပါနဲ့။ ကျွန်တော်ဒါနဲ့ပတ်သက်လို့ မိတ်ဆွေတွေ အများကြီးဆုံးရှုံးခဲ့ရဖူးတယ်၊ စာမူမသုံးနိုင်လို့၊ မတတ်နိုင်ဘူးလေ၊ စာပေနဲ့ပတ်သက်လာရင် အရှိန်အဝါ ဩဇာအာဏာရင်းနှီးမှုတွေကို ရှောင်နိုင်ဖို့လိုအပ်တယ်၊ မသုံးသင့်ရင်မသုံးပါနဲ့'ဟု ဆရာနတ်နွယ်က ပြောကြားထားခဲ့ဖူးသည်။

သတင်းစာဆရာတစ်ဦးအတွက် အရေးပါသော အချက်တစ်ခုရှိသေးသည်။ ထိုအချက်မှာ 'မ'သုံးလုံးကျေရခြင်း ဖြစ်သည်။ 'မ'သုံးလုံးဆိုသည်မှာ မြန်ရမည်။ မှန်ရမည်။ မျှတရမည်။ (Speed, Accuracy and Eairness)တို့ဖြစ်သည်။ သတင်းစာဆရာသည် မိမိကိုယ်ရေးကိုယ်တာ အကျိုးစီးပွားနှင့် ပတ်သက်သောကိစ္စ (Personal Interest)နှင့် လုပ်ငန်းသဘောအရ ဆောင်ရွက်မည့် (Professional and Interest)တို့ ထိပ်တိုက်တွေ့လျှင် လုပ်ငန်းကို ဦးစားပေးရမည်။ လုပ်ငန်းသဘောအရ လွတ်လပ်စွာ ဆောင်ရွက်ရမည့်ကိစ္စ(Personal Interest)နှင့် တိုင်းပြည်အကျိုးစီးပွားကိစ္စ(National Interest)တို့ ထိပ်တိုက်တွေ့လျှင် တိုင်းပြည်အကျိုးစီးပွားကိစ္စကို ဦးစားပေးရမည် ဖြစ်သည်။ ထိုကျင့်ဝတ်ကို အထူးလိုက်နာရမည် ဖြစ်သည်။

ကမ္ဘာ၏ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော အကြောင်းအရာအမျိုးမျိုး၏ သတင်းကို လူအများသိရှိစေရန် မှတ်တမ်းတင်၍ ရေးသားဖြန့်ချိသည့် ပညာသည် စာနယ်ဇင်းအတတ်ပညာဖြစ်သည်။ တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းလောကသည် လူထုနှင့် အနီးစပ်ဆုံးဖြစ်ရကား စာနယ်ဇင်းအတတ်ကို လူတိုင်းလေ့လာထိုက်လှသည်။ (ညွှန်း။ ။ မြန်မာ့ စွယ်စုံကျမ်း တွဲ-၃) သတင်းစာ၊ စာနယ်ဇင်းအတတ်ကို တတ်သိနားလည်သည့်အပြင် မှန်ကန်စွာ ကျင့်သုံးလိုက်နာသည့်သူများဖြင့်သာ လုပ်ငန်းလည်ပတ်မှုကို ဖွဲ့စည်းရမည် ဖြစ်သည်။ သတင်းနယ်ပယ်သည် အခြားသော ဌာနဆိုင်ရာ ဝန်ထမ်းနှင့်မတူ (အစိုးရသတင်းစာ)ဝန်ထမ်း ကျင့်ဝတ်၊ စာနယ်ဇင်းကျင့်ဝတ်အပြင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ ရှိသေးသည်။ တတ်ထားရမည့် ပညာများ ရှိသေးသည်။ သတင်းပညာရပ်ကို အမှန်တကယ်လည်း နားလည်၊ စာပေအရေးအသား(ဆောင်းပါး၊ ကဗျာ)လည်း ရေးသားတတ်၊ ကာတွန်းပညာလည်း တတ်ထားလျှင် အကောင်းဆုံးဖြစ်သည်။ စာဖတ်တတ်ရုံဖြင့် စာပြင်ဆရာ၊ စာစီဆရာ၊ အယ်ဒီတာ၊ သတင်းထောက်များ ခန့်ထားလျှင် အဆင်မပြေဖြစ်တတ်သည်။ သတင်းစာတစ်စောင် စာနယ်ဇင်းတစ်ခု၏ အရွေ့ကို ကြည့်လိုလျှင် ထိုသတင်းစာ၊ စာနယ်ဇင်း၏ မူရင်းပုံစံပျက်၊ မပျက်နှင့် သတင်း၊ ဆောင်းပါး စသည့် အရေးအသားများကို ကြည့်ရမည်ဟု ဆရာဆက်ဆက်က ပြောခဲ့ဖူးသည်။ ကောင်းသော အရွေ့ဖြင့် ရွေ့လျားရန်၊ တိုးတက်သော အရွေ့ဖြင့် ရွေ့လျားရန်၊ လူ့အရင်းအမြစ်ရွေးချယ်ပျိုးထောင်ရန် မမေ့သင့်သည်ကို သတိပြုရမည် ဖြစ်သည်။

**ဇဝံ မေ သုတံ**

## တောင်ကြီးမြို့ရှိ မြကန်သာပန်းခြံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း (၁)နှစ်ပြည့် အထိမ်းအမှတ် POKIDDO ကလေးကစားကွင်းနှင့် Coffee Shop ဖွင့်လှစ်



**တောင်ကြီး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်ရှိ မြကန်သာပန်းခြံအတွင်း၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက မြကန်သာပန်းခြံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း (၁)နှစ်ပြည့် အထိမ်းအမှတ် POKIDDO ကလေးကစားကွင်းနှင့် Coffee Shop ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက POKIDDO ကလေးကစားကွင်းနှင့် Coffee Shop တည်ဆောက်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက မြကန်သာပန်းခြံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း (၁)နှစ်ပြည့် အထိမ်းအမှတ် POKIDDO ကလေးကစားကွင်းနှင့် Coffee Shop ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းပွားအဖွဲ့၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ တိုင်းရင်းသားမောင်မယ် ကျောင်းသား၊ ကျောင်းသူများနှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိန္နရီ၊ ကိန္နရာ အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် POKIDDO ကလေးကစားကွင်းနှင့် Coffee Shop နှင့် မြကန်သာပန်းခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ တောင်ကြီးမြို့၊ မြကန်သာပန်းခြံကို ပြည်သူလူထု အပန်းဖြေအနားယူစရာနေရာတစ်ခုဖြစ်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ဦးဆောင်၍ ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ကလေးကစားကွင်းနှင့် Coffee Shop အဆောက်အအုံအတွင်းမှာ လူငယ်များကစားနိုင်တဲ့ မြားပစ်၊ ဘတ်စကတ်ဘော၊ Hiking ၊ Zip Line ၊ ရေလှေလှော်စီး၊ Jumping ၊ ကစားနည်းများပါဝင်တဲ့ Pokiddo ကစားကွင်း၊ Pizza Shop ၊ Coffee Shop တို့ပါဝင်တဲ့အတွက် ကလေး၊ လူကြီးမရွေး မြကန်သာပန်းခြံနှင့်အတူ အပန်းဖြေအနားယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၆၈)**



## ပြပွဲ၊ ပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ပြပွဲ၊ ပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲများကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇင်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဖြိုးမမက ကလေးအလုပ်သမားပပျောက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒုတိယဦးစီးမှူး၊ ဦးကျော်တေဇက မီးသတ်ဆေးဘူးအသုံးပြုနည်းဖြစ်သည့်(ဖြုတ်၊ ကပ်၊ ညှစ်၊ သတ်ဆိုသည့်)ရှေးဦးမီးငြိမ်းသတ်နည်းအား အကျယ်တစ်ဝင့် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများအား ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာမများ စုစုပေါင်းအင်အား ၆၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေး

**ကျောက်ဆည် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ ရဲဘော်လေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်တွင်(၁၅၀×၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးလျက်ရှိသည်။



အခြေခံပညာမူလတန်းကျောင်းတွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး၊ Grade-1 အတန်း၌ ၄၅ ဦး၊ Grade-2 အတန်း၌ ၂၆ ဦး၊ Grade-3 အတန်း၌ ၄၆ ဦး၊ Grade-4 အတန်း၌ ၅၀ ဦး၊ Grade-5 အတန်း၌ ၂၁ ဦး၊ Grade-6 အတန်း၌ ၅၂ ဦး၊ Grade-7 အတန်း၌ ၅၆ ဦး၊ Grade-8 အတန်း၌ ၁၂ ဦး၊ Grade-9 အတန်း၌ ၃၈ ဦး၊ Grade-10 အတန်း၌ ၁၇ ဦး၊ Grade-11 အတန်း၌ ရှစ်ဦး၊ Grade-12 အတန်း၌ ကိုးဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၀၆ ဦးအား ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမ ၁၄ ဦးမှ တာဝန်ယူ၍ ပညာသင်ကြားလျက်ရှိသည်။ **(အပေါ်ပုံ)**

အသစ်ဆောက်လုပ်ပေးသော (၁၅၀×၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်အသစ်အား နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ၂၃၇ ဒသမ ၉၃၆ သန်းအကုန်အကျခံကာ အောင်ကျော်မျိုးဖံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါကျောင်းသည် ရဲဘော်ကြီးကျေးရွာအုပ်စု၊ ရဲဘော်လေးကျေးရွာတွင် တည်ရှိပြီး ၁၉၅၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် အလျား ၃၉၈ ပေ၊ အနံ ၃၉၇ပေ ဧရိယာ ငွေကျပ် ၃ ဒသမ ၂၈ ဧက ကျယ်ဝန်းကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**ကျောက်ဆည်(ပြန်/ဆက်)**

ရေကို ချွေတာ သုံးစွဲပါ ။

## လူထုအခြေပြုဗဟိုဌာနတွင် ဖန်စီထိုးနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

**ကျောက်ဆည် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ လူထုအခြေပြုဗဟိုဌာနတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဖန်စီထိုးနည်းသင်တန်း(အခမဲ့) ဖွင့်လှစ်ပေးလျက်ရှိသည်။

ဖန်စီထိုးနည်းသင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာမ ဒေါ်ခင်ချို(အမျိုးသမီးများအသင်း)က သင်တန်းသူများအား ဖန်စီထိုးရာတွင် အခြေခံကြသည့်နည်းလမ်းများအား အဆင့်ဆင့်သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*-*-*



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ်ညစာစားပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမ္ဘာ့အေးစေတီလမ်း LOTTE ဟိုတယ်၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးညိုစော၊ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ တရုတ်ကောင်စစ်ဝန်ချုပ်၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများနှင့် နာယကများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများ၊ နာယကများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌတို့က အမှတ်တရကိတ်မုန့်ကို လှီးဖြတ်ပေးခဲ့ကြသည်။

ညစာစားပွဲတွင် မြန်မာ-တရုတ် ချစ်ကြည်ရေး တေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Ms. Ma Jia နှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းတို့ အမှတ်တရကိတ်မုန့် လှီးဖြတ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာစဉ်။

# နှစ်စဉ် ကျင်းပနေသည့် ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဒီဇင်ဘာလအတွင်း ကျင်းပမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ဘောလုံးလှုပ်ရှားမှုများတွင် ပါဝင်လာရေး၊ ပြည်တွင်း လူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး၊ မျိုးဆက်သစ် လူငယ်ကစားသမားများ ပေါ်ထွက်လာရေး၊ FIFA, AFC, AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်လူငယ်အသင်းများ အောင်မြင်မှု ရရှိရေးအတွက် ရည်ရွယ်၍ ဖီဖာလမ်းညွှန်ချက်များနှင့်အညီ အသက်(၁၅)နှစ်အောက် လူငယ်ဘောလုံးလိဂ်ပြိုင်ပွဲများ (FIFA-MFF U15 Boys League)အား နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။

FIFA-MFF U15 Boys League 2024-2025 ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြိုင်ပွဲဝင်ခွင့်ရ အသင်းများအား ပြိုင်ပွဲစရိတ် ထောက်ပံ့သွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား ဆုကြေးငွေ၊ ဆုဖလားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို အပတ်စဉ် စနေနှင့် တနင်္ဂနွေများတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ ပထမအကျော့ ၃ လ၊ ဒုတိယအကျော့ ၃ လ စုစုပေါင်း ၆ လ ကြာမြင့်မည်ဖြစ်သည်။

ယခင်နှစ် ၂၀၂၃-၂၀၂၄ ပြိုင်ပွဲတွင် ရှမ်း(တောင်)အသင်းက အနိုင်ရဗိုလ်စွဲထားပြီး ယူ-၁၅ လိဂ်ပြိုင်ပွဲ၏ ပထမဆုံးချန်ပီယံအသင်းအဖြစ် မှတ်တမ်းရေးထိုးထားခဲ့သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးဌာန (ဖုန်း ၀၉-၅၁၄၈၄၈၀) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(NGB)**